# ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်
## ALL BURMA FEDERATION OF STUDENT UNIONS

-

ဗကသများအဖွဲ့ချုပ် နိုင်ငံလုံးဆိုင်ရာအရေးပေါ်အထူးကွန်ဖရင့်မှ
သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၁ရက်၊ မတ်လ၊ ၂၀၂၁ခု။
တပို့တွဲလဆုတ်(၃)ရက်၊ ၁၃၈၂ခု။

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ အရေးပေါ်အထူးကွန်ဖရင့်ကို (၂၈.၂.၂၀၂၁) ရက်တွင် ကျင်းပခဲ့ပြီး ကွန်ဖရင့်၏ နိုင်ငံရေးဆိုင်ရာသဘောထားကြေညာချက်ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

(၁) ဒီမိုကရေစီအစစ်အမှန်ရရှိရေး၊ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး လူထုတိုက်ပွဲကြီးအတွင်း ကျဆုံးသွားရရှာသော အာဇာနည်အပေါင်းအား ဗကသများအဖွဲ့ချုပ်ဝင် သမဂ္ဂကျောင်းသားအားလုံး မှ အောက်မေ့တသ လေးမြတ်စွာ ဦးညွှတ်အလေးပြုလိုက်ပါသည်။ ဗမာနိုင်ငံသမိုင်းတလျှောက် လူထုအာဇာနည်များ၏ ပေးဆပ်မှုသည် ဥဒါန်းတွင်လျက် ကျန်ရှိနေပါလိမ့်မည်။ အာဇာနည်တို့၏ သွေးဖြင့် စွန်းထင်းလျက်ရှိသော ဗကသများအဖွဲ့ချုပ် ခွပ်ဒေါင်းအောင်လံတော်ကို ကြွားဝံ့ကာ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး လူထုဒီမိုကရေစီတိုက်ပွဲကြီးကို အောင်ပွဲရရှိသည့်တိုင်အောင် ဆက်လက်တိုက်ပွဲဝင်ပါမည့်အကြောင်း ဗကသများအဖွဲ့ချုပ်မှ လေးလေးနက်နက်ကတိသစ္စာပြု ပါသည်။

( ၂ ) ဗကသများအဖွဲ့ချုပ်အနေနှင့် **စစ်အာဏာရှင်စနစ် အမြစ်ပြတ် ချေမှုန်းရေး၊ ဒီမိုကရေစီရရှိရေး၊ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဖော်ဆောင်ရေး** နှင့် **မတရားဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေး** ဟူသော တိုက်ပွဲမူလေးရပ်ကိုကိုင်စွဲ၍ လူထုတိုက်ပွဲကို ဆင်နွှဲနေခြင်းဖြစ်သည်။ နိုင်ငံရေးအရ ညီညွတ်ရေးတည်ဆောက်ခြင်း များကိုလည်း ယင်းမူ(၄)ရပ်အပေါ်မှ တည်ဆောက်သွားမည်ဖြစ်သည်။

(၃) လူထုကြီးကို ဖက်ဆစ်စစ်တပ်၏ ပစ်ခတ်နှိမ်နင်းမှုကြောင့် ဒဏ်ရာရ၊ ကျဆုံးမှု အနည်းဆုံးဖြစ်စေရေး အတွက် ဗကသများအဖွဲ့ချုပ်ဝင် သမဂ္ဂရဲဘော်များမှ မိမိတို့ တိုက်ပွဲဝင်ရာ နယ်မြေအလိုက် သပိတ်စစ်ကြောင်းများအတွင်း စနစ်တကျ ခုခံကာကွယ်မှုများကို လုပ်ဆောင်သွားမည်။ လူထုကြီး အနေနှင့် ခုခံကာကွယ်မှုများအတွင်း ပူးပေါင်းပါဝင်ကြပါရန် လေးစားစွာ တိုက်တွန်းပါသည်။

လူထုတိုက်ပွဲ သပိတ်စစ်ကြောင်းများကို ဖက်ဆစ်စစ်တပ်က စစ်မြေပြင်ကဲ့သို့ သဘောထားကာ ရက်ရက်စက်စက် ဖြိုခွဲနေခြင်းဖြစ်သည်။ ထို့အတွက် ပြည်သူလူထုဘက်မှလည်း အကျအဆုံး၊ ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် ခုခံကာကွယ်မှုသည် မဖြစ်မနေ လိုအပ်ပါသည်။ မိမိတို့ဘက်မှ စတင်ပြီး အကြမ်းဖက်ခြင်းမျိုးကို မဆိုလိုဘဲ၊ ဖြိုခွဲခံရမှုများအတွင်းတွင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအတွက် လူထုဘက်မှ စနစ်တကျ

ပြန်လည်တုန့်ပြန်နိုင်ရေးကိုသာ ရည်ရွယ်ပါသည်။ ထို့အတွက် ဗကသများအဖွဲ့ချုပ်ဝင် သမဂ္ဂကျောင်းသားများမှ လိုအပ်သည့် လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ရန် တာဝန်ခွဲဝေပြီး ဖြစ်သည့်အတိုင်း လူထုကြီးမှလည်း သမဂ္ဂ ကျောင်းသားများနှင့် အတူတကွ လက်တွဲခုခံကာကွယ်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းလိုပါသည်။

(၄) စစ်အုပ်စု၏ စစ်အုပ်ချုပ်ရေးယန္တရားကို ဆန့်ကျင်တိုက်ဖျက်နေစဉ်မှာပင် လူထုကြီးမှ တော်လှန်ရေးကာလ အတွင်း မိမိတို့ နယ်မြေဒေသအလိုက် စီမံခန့်ခွဲမှုများကို လူထုဆန္ဒနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ထားရှိရန် လိုအပ် ပါကြောင်း ဗကသများအဖွဲ့ချုပ်မှ တိုက်တွန်းနှိုးဆော်လိုပါသည်။ စစ်အုပ်စု၏ အုပ်ချုပ်ရေးယန္တရားအောက်မှ ကင်းလွတ်သော လွတ်လပ်သည့် စီမံခန့်ခွဲမှုကို လူထုဆန္ဒနှင့်အညီ တည်ဆောက်ထားရှိရန် လိုအပ်ပါသည်။ အုပ်ချုပ်ရေးယန္တရားဟူသည်မှာ ဗဟိုမှသည် ရပ်/ကျေးအထိ အဆင့်ဆင့်သွားရခြင်း ဖြစ်သည့်အတွက် အနိမ့်ဆုံး ရပ်ကျေးအဆင့်မှစ၍ လူထုဆန္ဒနှင့်ညီသော စီမံအုပ်ချုပ်မှုကို တည်ဆောက်ထားလျှင် စစ်အစိုးရ၏ ဗဟိုအုပ်ချုပ်ရေး ယန္တရားကို ရပ်တန့် ပစ်နိုင်လိမ့်မည်။ လူထုစီမံအုပ်ချုပ်မှုများကို စစ်အစိုးရဘက်မှ ဖိနှိပ်ဖျက်ဆီးလာသည့် အခါတွင် လူထုဘက်မှ ကြံ့ကြံ့ခံထားနိုင်ရန်အတွက်လည်း တိုက်တွန်းပါသည်။ အဖွဲ့ချုပ်ဝင် သမဂ္ဂကျောင်းသားများမှလည်း လူထုနှင့် ပူးတွဲပြီး လက်တွဲဆောင်ရွက်သွားမည် ဖြစ်သည်။

ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို လူထုအင်အားနှင့်သာ တည်ဆောက်သွားနိုင်ပါလိမ့်မည် ဖြစ်ပါသည်။ ဗကသများအဖွဲ့ချုပ်အနေနှင့် စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းပြီး တိုင်းရင်းသားပေါင်းစုံ၊ လူတန်းစားအသီးသီးနှင့် လက်တွဲ၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအထိ ရည်မှန်းထားသည့်အတိုင်း ဒီမိုကရေစီရေး တိုက်ပွဲကို အောင်ပွဲတိုင်အောင် ကြံ့ကြံ့ခံ တိုက်ပွဲဝင်သွားမည် ဖြစ်သည်။

စစ်အာဏာရှင်စနစ်မုချကျဆုံးရမည်
ပြည်သူ့ဒီမိုကရေစီရေးတိုက်ပွဲ မုချအောင်ရမည်
အရေးတော်ပုံအောင်ရမည်

**သတင်းနှင့်ပြန်ကြားရေးဌာန**
**နိုင်ငံလုံးဆိုင်ရာအရေးပေါ်အထူးကွန်ဖရင့်**
**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**